UNITED NATIONS NATIONS UNIES

**အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့**

**------**

**ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ**

**<u>၂၀၁၈ ခုနှစ် အောက်တိုဘာလ ၁၃ ရက်</u>**

ယခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့သည် အင်ဒိုနီးရှားနိုင်ငံ၌ အဖျက်စွမ်းအား ကြီးမားသည့် မြေငလျင်နှင့် ဆူနာမီဒဏ်ခံရပြီးစအချိန်ဖြစ်သည့်အတွက် ဘေးအန္တရာယ် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း နှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများကိုနားလည်သိရှိမှုတို့ အရေးတကြီး လိုအပ်နေပြီဖြစ်ကြောင်း ထပ်လောင်း ညွှန်ပြလျက်ရှိပါသည်။

ဘေးအန္တရာယ်များကြောင့် လူသားတို့ ပေးဆပ်ရသည့် တန်ဖိုးမှာ ကြီးမားများပြားလှပါသည်။

နစ်စဉ်သန်းနှင့်ချီသောလူများသည် ပြင်းထန်သည့်ရာသီဥတုအခြေအနေများနှင့် မြေငလျင်များကြောင့် ၎င်းတို့၏နေအိမ်များနှင့် အလုပ်အကိုင်များကို ဆုံးရှုံးကာ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ကြရပါသည်။

သို့သော် ကြီးမားသော ဘေးအန္တရာယ်များကြောင့် စီးပွားရေးအရ ဆုံးရှုံးရမှုများကို နိုင်ငံအားလုံးက စနစ်တကျ အစီရင်ခံတင်ပြခြင်းမရှိကြောင်း “ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ချရေးဆိုင်ရာ ကုလသမဂ္ဂရုံး”၏ အစီရင်ခံစာအသစ်အရ သိရပါသည်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့တွင် အဖွဲ့ဝင်နိုင်ငံများသည် စီးပွားရေးအရ ဆုံးရှုံးမှုများကို ကျယ်ကျယ်ပြန့်ပြန့် စာရင်းပြုစုခြင်းအပါအဝင် ဘေးအန္တရာယ်များဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်းအား ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း အဓိကထား ပါသည်။

အရေးပေါ်အခြေအနေ ကြိုတင်တားဆီးရေးတွင် တိုးတက်မှုများရှိလာနိုင်ရန် ဤအချက်သည် အလွန် အရေးကြီးလှပါသည်။

*Translated by UNDP for public interest.*

UNDP
Empowered lives.
Resilient nations.

ဥပမာ ပြင်းထန်သော ရာသီဥတုအခြေအနေများကြောင့် စီးပွားရေးအရ ဆုံးရှုံးရမှုများကို ပိုမိုနားလည်သိရှိလာပါက ရာသီဥတုပြောင်းလဲမှုအတွက် ပိုမိုအားကောင်းသော လုပ်ဆောင်ချက်များ ဖြစ်ပေါ်လာ စေရန်နှင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများကိုလျှော့ချရန်ရည်မှန်းချက်များ ပိုမို မြင့်မားလာစေရန် အထောက်အကူပြုနိုင်ပါသည်။

စီးပွားရေးအရဆုံးရှုံးရမှုများကို တိုင်းတာခြင်းဖြင့် (၂၀၃၀)ပြည့်နှစ်တွင် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးခံရမှုကိုသိသိသာသာလျှော့ချရန်ရည်ရွယ်သည့် "ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချခြင်းဆိုင်ရာဆန်ဒိုင်းမူဘောင်" ၏ ရည်မှန်းချက်များပြည့်မီရေး နိုင်ငံအစိုးရများမှ ပိုမို ဆောင်ရွက်ရန် တွန်းအားပေးနိုးဆော်နိုင်ပါသည်။

ဘေးအန္တရာယ်များကြောင့် စီးပွားရေးအရ ဆုံးရှုံးရမှုများကို လျှော့ချခြင်းဖြင့် အသက်ရှင်နေထိုင်မှုဘဝများကို ပြောင်းလဲစေနိုင်ပြီး ဆင်းရဲမှုပပျောက်ရေးကို များစွာ အထောက်အကူပြုနိုင်ပါသည်။

ယနေ့အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျှော့ပါးရေးနေ့တွင်အရေးကြီးလှသည့်ဤကြိုးပမ်းအားထုတ်မှုအတွက် ကျွန်ုပ်တို့၏ သန္နိဋ္ဌာန်ခိုင်မာလျက်ရှိပါကြောင်း ထပ်လောင်း အသိပေးအပ်ပါသည်။